# မြန်မာ့ရိုးရာလိင်ဟာသပုံပြင်များ

## (၇)လိုတရမြွားအလကား

ကလေးတို့ရေ၊ ကလေးတို့ရပ်ကွက်ထဲ မှာ စကား ပြော ရင် အလကား နေရင်း"ငါလီးတဲ့မှ၊လီးမှဘဲ"–စသည်ဖြင့်စကားအစတိုင်းမှာ ထည့်ထည့်ပြီး စကား ပြော တတ် တဲ့၊ အဲလိုပြောမိတာကို မိမိကိုယ်ကိုသတိမထားမိတဲ့ သူတွေခဏခဏတွေ့ဘူးမှာ ပေါ့ နော်။ အဲဒီလို ပြောတတ်၊ ယောင်တတ်တဲ့အကျင့်ဆိုးဟာ မကောင်းကြောင်း၊ မိမိဘဝ တိုးတက်ရေးအတွက်အဟန့်အတားဖြစ်စေကြောင်းဘဝသင်ခန်းစာရစေမဲ့ " လိုတရမြွား အလကား " ဆိုတဲ့ပုံပြင်လေးကို ဘကြီးထပ်ပြောပြမယ်နော်။ ပုံပြင်လေးကဒီလိုကွဲ့ –––

တစ်ခါက စကားပြောရင်အစမှာအဲဒီလို "ငါလီးတဲ့မှ၊ငါလီးမှဘဲ" ဆိုပြီးထည့်ထည့် ပြောတတ်တဲ့ သူတစ်ယောက်ရှိပြီး၊ သိပ်ကိုဆင်းရဲလွန်းလို့အဝတ်အစားဝတ်စရာ တောင် မရှိဘဲ ကိုယ်လုံး မှာ သစ်ရွက်တွေပတ်ထားပြီးသစ်ခက်တဲနန်းနဲ့နေရသတဲ့ကွယ်။ တစ်နေ့ တော့ ကောင်း ကင်ပေါ်က သိကြားမင်းကသူရဲ့အနှစ် တစ်သိန်း ပြည့်မွေးနေ့မှာ ကုသိုလ်အထူးပြုချင်လို့ "ကမ္ဘာပေါ်မှာအဆင်းရဲ ဆုံးလူသားကို ငါဆောင်မ ကြည့်ရှုပြီး၊ ငါ့မွေးနေ့မှာကုသိုလ် လုပ်ဦးမှဘဲ"လို့စဉ်းစားပြီး၊လူ့ပြည်ကိုဆင်း၊သူ့ ဖန်ဆင်းထား တဲ့ မြွားသုံးချောင်းရယ်၊ လေးရယ်ကိုကိုင်ပြီး အဲဒီလူရှေ့မှာကိုယ်ထင်ပြသတဲ့။ အဲဒီလူက"ငါလီးတဲ့မှဘဲ၊ လန့်လိုက် တာ ခင်ဗျား ကဘယ်သူတုံး" လို့မေးတယ်။ သိကြားမင်း က "ငါကား–သိကြားမင်းတည်း–မင်းကိုဆောင်မကြည့်ရှုဖို့လူ့ပြည်ဆင်း လာခြင်းဖြစ်ပေသည်။ အကျွန်ုပ်ယူဆောင်လာသော ယခုမြွား၃ စင်းမှာ ရိုးရိုးမြွား များ မဟုတ်ကျပေ၊လိုတရ မြွားများဖြစ်ပြီးသင်အလိုရှိရာကို တောင့်တ ဆုတောင်းပြီးလေထဲသို့ ပစ်လွှတ်လိုက်ယုံမျှဖြင့် သင် လိုအင်ဆန္ဒများချက် ချင်း ပြည့်ဝစေမည်ဖြစ်ပါသည်။" လို့ ပြောပြီး၊လေးနဲ့မြွားတွေ ကို ပေးလိုက်ပြီး တာဝတ္တိံသာ ကိုပြန်သွားသတဲ့။

ဘသားချောလည်း "ပွပြီငါတော့ထောပြီဟ" လို့တွက်ဆပြီး၊လိုတရမြွား ၃ ချောင်း ကိုင်ပြီး၊ "ငါဘာ ကိုအရင်ဆုတောင်းရမလဲ"လို့အရင်စဉ်းစားတာပေါ့။နောက်တော့မှ"အင်း– စားကောင်းသောက်ဖွယ်အစုံအလင်နဲ့နန်းတော်ကြီးတစ်ခုအရင်ရဖို့ဆုတောင်းမယ်ဟ"လို့ ကြုံးဝါးသတဲ့။ ပြီးတော့မှ မြွားတစ်ချောင်းကိုယူ လေးညို့တင်ပြီးကောင်းကင်ပေါ်ကိုချိန်ကာ "လာလေရော၊ငါလီးတဲ့မှ–! ဘဲရှိသေးတယ်။စားစရာနဲ့နန်းတော်တောင် မပြောရသေး ဘူး၊ မြွားတန်ခိုးကချက်ချင်းကိုအသံထွက်တာနဲ့တန်းပြတာဘဲလေ။ ဘာပြောကောင်းမလဲ သူ့ တစ်ကိုယ်လုံးလီးအသစ်တွေ ပြည့်နေအောင်ပေါက်လာတာပေါ့။ ဘသားချောလဲ " ဟာ– သွားပြီ" လို့လန့်ဖျန့်သွားပြီး၊ တကယ်ဆုတောင်း ရမဲ့ဟာတွေ မပြောရသေးခင်၊အရင် ဦး အောင် ယောင်ပြီးတိုင်းထွာ လိုက်မိတဲ့အတွက် လီးတွေအသစ်ပွားကုန် ကြောင်း သဘော ပေါက်သွားတာပေါ့။ သို့ ပေမဲ့ "ပူစရာမလိုသေးပါဘူးလေ။ မြွားက ၂ ချောင်း တောင် ကျန် သေးတာဘဲဆက်ဆုတောင်းလို့ရသေးတာဘဲ"လို့ကိုယ့်ကိုကိုယ်ဖြေသိမ့်လိုက်သတဲ့၊ ဒီတော့ "အရင်ဦးဆုံးဒီလီးအပိုတွေပျောက်သွားအောင်ဆုပန်ရမယ်ဟ" လို့ဆိုပြီး၊ နောက် မြွားတစ်ချောင်းနဲ့ "ပျောက်စေရော လီးတွေ" လို့ဆုပန်ပြီး ကောင်းကင် ထဲ ထပ် ပစ် လွှတ် လိုက်ပြန်ရောတဲ့။

ဒုတိယမြွားကလည်းတန်ခိုးချက်ချင်းပြတာပါဘဲ။ စပယ်ယာပတ်စ် အနေနဲ့အသစ် ပေါက်လာတဲ့လီး တွေသာမက အော်ရယ်ဂျင်နယ်လီးကြီးပါ ခန္ဓာကိုယ်ကနေပျောက်ထွက် သွားပါလေရော။ဘသားချောလည်း " ဟာသွားပြီဟေ့။မျိုးကန်းပြီဟ" လို့ တောင်အော်ဟစ် ယူရတယ်။

နောက်ဆုံးကိုလူချောခင်မျာ၊ ချမ်းသာတာ၊မချမ်းသာတာနောက်ထား၊ ကိုယ်ဘာကောင်းမှန်း၊အထီးအမမှန်း သတ်မှတ်လို့မရ၊ လူဖြစ်ရှုံးမှာကြောင့်ရယ်ဘဲ။ နောက်ဆုံး ကျန်တဲ့မြွားလေးနဲ့ "ငါ့လီးလေး ရယ်ပြန်လာပါ"လို့ဆုတောင်း လိုက်ရတာပေါ့။

စာရင်းချုပ်တော့ကိုလူချောခင်ဗျာ "ငါလီးတဲ့မှ"အယောင်ကောင်းတာနဲ့ဘဲ လိုတရမြွားသာ (၃)ချောင်းသာ ကုန်သွားတယ်။ ဘာမှမရလိုက်ဘဲ ဒုံရင်းဒုံရင်း ဘဝဘဲပြန်ရောက်သွား ရှာ တာပေါ့ကွယ်။

ဒီပုံပြင်လေးမှာ ကလေးတို့သင်ခန်းစာယူကြရမယ်နော်။စကားပြောရင် "ငါလီး–ငါလီး "ထည့်ပြောတတ်တဲ့အကျင့်ဆိုးမျိုးကိုလုံးဝရှောင်ကြကွဲ့၊ဆွေမျိုးအပေါင်းအသင်း တွေထဲမှာလဲ အဲဒီလို ပြောတတ်တဲ့သူတွေရှိရင်ဒီပုံပြင်လေးကိုပြောပြပြီး သတိပေးကြရမယ်ကွဲ့နော်။

–ကိုင်း! –တူ၊တူမလေးတို့ရေ။ဘကြီးဖြိုးရဲ့ "လိုတရမြွားအလကား" ဆိုတဲ့ပုံပြင်လေးကို ဒီမှာ ဘဲ အဆုံးသတ်လိုက်ပါတယ်ကွယ်။နောက်နေ့ကျရင်ဒီထက်ပိုပြီးရယ်ရွှင်ဘွယ်ရာကောင်း တဲ့ ပုံပြင်သစ်တွေ အများကြီးဘကြီးဆက်ပြောပြဦးမယ်ကွဲ့။ဒီနေ့ တော့ ဒီလောက်နဲ့ ဘဲ ကျေ နပ်ကြပါလို့။––––––––

*@@@@@@@@@@@@@*